ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်

# လယ်ယာထွက်ကုန်များ ပြည်ပစျေးကွက်မြှင့်တင်ရေး အခြေအနေအား လေ့လာခြင်း


**အကျဉ်းချုပ်**

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အဓိကအားထားရသည့် နိုင်ငံဖြစ်သည်နှင့်အညီ စားနပ်ရိက္ခာဖူလုံရေးအတွက် ပြည်တွင်းစားသုံးမှုသာမက ပြည်ပစျေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပပို့ကုန်ကဏ္ဍတွင် လယ်ယာထွက်ကုန်များ၏ စျေးကွက်ခိုင်မာမှုသည် များစွာအရေးပါပါသည်။ ပြည်ပစျေးကွက်ခိုင်မာရေးအတွက် ထွက်ကုန်များတင်သွင်းမည့်နိုင်ငံများမှ သတ်မှတ်အရည်အသွေးစံချိန်စံညွှန်း ကိုက်ညီမှုရှိရေးသည် အရေးကြီးပါသည်။

ဤစာတမ်းတိုတွင် လယ်ယာထွက်ကုန်များကို ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့မှုအခြေအနေများ၊ ပြည်ပစျေးကွက်သို့ တင်ပို့ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ ပြည်ပတင်ပို့မှုဆိုင်ရာ မူဝါဒများ၊ စျေးကွက်မြှင့်တင်မှု၏အကျိုးကျေးဇူးများကို ဖော်ပြထားပါသည်။ အိမ်နီးချင်းဖြစ်သည့် ထိုင်းနိုင်ငံ၏ ဆန်စပါးစျေးကွက် အာမခံသတ်မှတ်ချက်များနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ၏ အမြင်များကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိလေ့လာနိုင်ရန်အတွက် ရေးသားဖော်ပြထားပါသည်။


စာတမ်းတိုအမှတ်စဉ် (၁၂၀)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်လက်များဖော်ပြမှုနည်းနာနိဿယများ | ၄ |
| ၄။ | ပြည်ပသို့တင်ပို့သည့်လယ်ယာထွက်ကုန်အမျိုးအစားနှင့် အများဆုံးတင်ပို့သည့်နိုင်ငံများ | ၄ |
| ၅။ | ဘဏ္ဍာနှစ်အလိုက် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု | ၅ |
| ၆။ | ပြည်ပဈေးကွက်သို့တင်ပို့ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ | ၅ |
| ၇။ | မြန်မာ့လယ်ယာထွက်ကုန်များပြည်ပဈေးကွက်ရရှိရေးအတွက်ဒေသဆိုင်ရာအညွှန်း၏အရေးပါမှု | ၆ |
| ၈။ | ဈေးကွက်၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ခြင်းနှင့် ပြည်ပတင်ပို့ရောင်းချခြင်းဆိုင်ရာမူဝါဒ | ၇ |
| ၉။ | စိုက်ပျိုးရေးကုန်ချောထုတ်စက်မှုလုပ်ငန်းများ၏အခြေခံလိုအပ်ချက်များ | ၈ |
| ၁၀။ | ပြည်ပဈေးကွက်မြှင့်တင်ပါက ရရှိလာနိုင်သောအကျိုးကျေးဇူးများ | ၈ |
| ၁၁။ | အစိုးရ၏ဆောင်ရွက်ချက်များ | ၉ |
| ၁၂။ | မြန်မာနိုင်ငံနှင့်လယ်ယာထွက်ကုန် အိန္ဒိယဈေးကွက် | ၁၀ |
| ၁၃။ | ထိုင်းနိုင်ငံ၏ဆန်စပါးဈေးကွက်အား အာမခံဈေးသတ်မှတ်ခြင်း | ၁၁ |
| ၁၄။ | အမြင်များနှင့်အကြံပြုပြောကြားချက်များ | ၁၂ |
| ၁၅။ | နိဂုံး | ၁၄ |

## နိဒါန်း

၁။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး အများစုမှာ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးကြသူများဖြစ်ပါသည်။ တောင်သူများ၏ သမရိုးကျစိုက်ပျိုးထုတ်လုပ်နေရာမှ ဝင်ငွေပိုမိုရရှိသည့်တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးသည် တောင်သူတို့၏မျှော်လင့်ချက်ဖြစ်ပါသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် လယ်ယာထွက်ကုန်များကို ဈေးကွက်လိုအပ်ချက်နှင့်အညီ အရည်အသွေးမီတန်ဖိုးမြင့် ထုတ်လုပ်နိုင်ရန် လိုအပ်ပါသည်။ [1]

၂။ မြန်မာ့လယ်ယာထွက်ကုန်များ အမယ်စုံအောင် ပြည်ပသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေကို ရှာဖွေပေးလျက်ရှိပါသည်။ သို့သော်လည်း သေချာသည့်ဈေးကွက်ချိတ်ဆက်မှု၊ ဈေးကွက်စုံစမ်းမှု၊ သတင်းအချက်အလက်ရယူမှုစသည့်အစီအမံများ ချမှတ်ဆောင်ရွက်မှုမရှိသေးသည်ကို တွေ့ရှိရပါသည်။ ပြည်ပပို့ကုန်မဟာဗျူဟာများချမှတ်၍ ဆောင်ရွက်နိုင်ပါက ပြည်ပသို့ လယ်ယာထွက်ကုန်များတင်ပို့နိုင်မှုပမာဏတိုးမြင့်လာမည်ဖြစ်သည့်အပြင် နိုင်ငံခြားဝင်ငွေလည်း တိုးတက်ရရှိလာမည်ဖြစ်ပါသည်။ [2] လယ်ယာထွက်ကုန်များ အရည်အသွေးတိုးတက်မြင့်မားရေးနှင့် ခိုင်မာသောပြည်တွင်းပြည်ပဈေးကွက် ရရှိရေးတို့သည် အဓိကအခြေခံသော့ချက်ဖြစ်ပါသည်။ [3]

## ရည်ရွယ်ချက်

၃။ ဤစာတမ်းတို၏ရည်ရွယ်ချက်များမှာ လယ်ယာထွက်ကုန်များ ပြည်ပဈေးကွက်သို့တင်ပို့ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ လယ်ယာထွက်ကုန်များ၏အရည်အသွေးနှင့် စပ်လျဉ်း၍ အစိုးရ၏မူဝါဒနှင့် ဆောင်ရွက်ချက်များ၊ စိုက်ပျိုးရေးကုန်ချောထုတ် စက်မှုလုပ်ငန်းများ၏ အခြေခံလိုအပ်ချက်များ၊ ပြည်ပဈေးကွက်မြင့်တင်ခြင်းဖြင့် ရရှိလာနိုင်သော အကျိုးကျေးဇူးများကို သိရှိနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

---

[1] ပိုမိုကောင်းမွန်သည့်ဝင်ငွေရရှိရေးအတွက်တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရန်မျှော်လင့်နေသည့်တောင်သူများ၊ ၇-၁၀-၂၀၁၉၊ https://www.moi.gov.mm/?q=content/ ပိုမိုကောင်းမွန်သည့်-ဝင်ငွေရရှိရေးအတွက်-တန်ဖိုးမြင့်ထုတ်ကုန်များ-ထုတ်လုပ်ရန်မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄]

[2] အောင်ဆန်း (စိုက်ပျိုးရေး)၊ လယ်ယာထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရန် အစီအမံများချမှတ်ရန်လိုပြီ၊ https://tinyurl.com/y63z4h32/ မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇]

[3] လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်၊ https://www.moi.gov.mm/npe/?q=editor-remark/9/05/2013/id-2074/ မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄]

## အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ

၄။ ဤစာတမ်းတိုတွင် အသုံးပြုထားသောသတင်းအချက်အလက်များကို အစိုးရ website များမှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ ပြည်သူ့လွှတ်တော်တွင် မေးခွန်းမေးမြန်းဖြေကြားချက်များမှ သတင်းအချက်အလက်များ၊ မြန်မာတောင်သူကြီးများဂျာနယ်များနှင့် မြန်မာတိုင်းမ်နေ့စဉ်သတင်းစာမှ သတင်းအချက်အလက်များ ရယူထားပါသည်။ အချို့သော data များကို Bar Chart ဖြင့် တင်ပြထားပါသည်။

## ပြည်ပသို့တင်ပို့သည့်လယ်ယာထွက်ကုန်အမျိုးအစားနှင့် အများဆုံးတင်ပို့သည့်နိုင်ငံများ

၅။ ပြည်ပသို့တင်ပို့သည့် လယ်ယာထွက်ကုန်အမျိုးအစားများမှာ ဆန်၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွန်း၊ ဘိုကိတ်ပဲ၊ ဖရဲသီး၊ သခွားမွှေး၊ ထောပတ်သီး၊ သရက်သီး၊ ကျွဲကောသီး၊ ချင်း၊ နနွင်း၊ ဂျုံးမြစ်၊ ငရုတ်ကောင်း၊ ငရုတ်သီး၊ မန်ကျည်းသီး၊ ဟင်းသီးဟင်းရွက်မျိုးစုံတို့ဖြစ်ပါသည်။


၆။ အဆိုပါလယ်ယာထွက်ကုန်သီးနှံများကို အဓိကတင်ပို့သောနိုင်ငံများမှာ အာဖရိက၊ အီးယူနိုင်ငံများ၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ စသည့်နိုင်ငံများဖြစ်ပါသည်။ [4]

[4] အောင်ဆန်း (စိုက်ပျိုးရေး)၊ လယ်ယာထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရန် အစီအမံများချမှတ်ရန်လိုပြီ၊ မြန်မာတောင်သူကြီးများဂျာနယ်၊ အတွဲ (၂၅) အမှတ် (၃၆၂)၊ ဇူလိုင် ၂၂-၂၈၊ ၂၀၁၉ ခုနှစ်၊ https://tinyurl.com/y63z4h32/ မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄]

### ဘဏ္ဍာနှစ်အလိုက် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု

၇။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ (အောက်တိုဘာလအထိ) လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအခြေအနေအား ဖော်ပြပါ Bar Chart ဖြင့် တင်ပြထားပါသည်-

**ဘဏ္ဍာနှစ်အလိုက်လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှု**




Source: https://www.commerce.gov.mm/

## ပြည်ပဈေးကွက်သို့တင်ပို့ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ

၈။ မြန်မာ့လယ်ယာထွက်သီးနှံများ ပြည်ပနိုင်ငံအသီးသီးသို့ တင်ပို့ရာတွင် ဈေးကွက်တည်ငြိမ်မှုမရရှိဘဲ အတက်အကျရှိနေခြင်းကြောင့် ပို့ကုန်လုပ်ငန်းစဉ်ကို ထိခိုက်လျက်ရှိပါသည်။ ဤသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံတွင် ပို့ကုန်အစီအမံများ ခိုင်မာမှုမရှိခြင်းက အကြောင်းရင်းခံဖြစ်နေသည်ကို တွေ့ရှိရပါသည်။ [5]

၉။ ပြည်တွင်းစားသုံးသူများသည် ပြည်ပထုတ်ကုန်ပစ္စည်းများ၊ အမှတ်တံဆိပ်များကို ပိုမိုအားထားယုံကြည်နေခြင်းသည် အခက်အခဲတစ်ခု ဖြစ်နေပါသည်။ ထို့ပြင် ပြည်တွင်းဈေးကွက်ရှိ

---

[5] Ibid

ပြည်ပထုတ်ကုန်များနှင့်နှိုင်းယှဉ်ရာတွင် အရည်အသွေးကွာခြားမှုများ ရှိနေပါသည်။ ပြည်တွင်းကုန်ပစ္စည်းများ အရည်သွေးရှိ ထုတ်ကုန်ဖြစ်ရန် ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် အဆင့်မြင့်နည်းပညာအသုံးမပြုနိုင်ခြင်း၊ အချို့လုပ်ငန်းငယ်များသည် နည်းပညာများကို လက်လှမ်းမမီခြင်း၊ နိုင်ငံတကာအဆင့်မီဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမြင့်နေခြင်း၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များပြားခြင်းတို့မှာ လုပ်ငန်းရှင်များအတွက် ရင်ဆိုင်နေရသည့် အခက်အခဲများ ဖြစ်ပါသည်။ [6]

၁၀။ အထူးသဖြင့် ကုန်ပစ္စည်းများကို တင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ အခက်အခဲပေါင်းများစွာကြုံတွေ့နေရပါသည်။ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် နယ်စပ်ဂိတ်များမှတစ်ဆင့် ကုန်ပစ္စည်းများ ရောင်းဝယ်ရာတွင် တစ်ဖက်နိုင်ငံမှ ဈေးကွက်ပိတ်ထားချိန် သို့မဟုတ် ဝယ်သူမရှိသည့်အချိန်မျိုးတွင် ကုန်ပစ္စည်းများကို သိုလှောင်ထားရန်နေရာမရှိသည့်အတွက် ရောင်းချမှုရပ်ဆိုင်းထားရခြင်း၊ အချိန်ကာလကြာရှည်စွာထား၍မရသောကုန်ပစ္စည်းများကို ရသည့်ဈေးနှုန်းဖြင့် ရောင်းချရခြင်းတို့သည် မြန်မာကုန်သည်များကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပါသည်။ [7]

## မြန်မာ့လယ်ယာထွက်ကုန်များပြည်ပဈေးကွက်ရရှိရေးအတွက်ဒေသဆိုင်ရာအညွှန်း၏အရေးပါမှု

၁၁။ ဒေသဆိုင်ရာအညွှန်း GI (Geographical Indications) ဆိုသည်မှာ "မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာ နိုင်ငံ၊ နယ်မြေ သို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်ပြချက်တစ်ခုခုကိုဆိုလိုသည်" ဟု နိုင်ငံတကာစံညွှန်းနှင့်အညီ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

၁၂။ ယင်း GI ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် (WTO members) များက WTO ၏ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် မူပိုင်ခွင့်သဘောတူညီချက် (WTO Trade Related Intellectual Property Rights Agreement – WTO TRIPS Agreement) အရ အသိအမှတ်ပြုထားသော မူပိုင်ခွင့်အမျိုးအစားတစ်ခုဖြစ်ပါသည်။

---

[6] ပိုမိုကောင်းမွန်သည့်ဝင်ငွေရရှိရေးအတွက်တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရန်မျှော်လင့်နေသည့်တောင်သူများ၊ ၇-၁၀-၂၀၁၉၊ https://www.moi.gov.mm/?q=content/ပိုမိုကောင်းမွန်သည့်-ဝင်ငွေရရှိရေးအတွက်-တန်ဖိုးမြှင့်ထုတ်ကုန်များ-ထုတ်လုပ်ရန် မှရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄]

[7] စိန်သံ၊ မြန်မာ့ထွက်ကုန်များ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေး ကဏ္ဍစုံမှ ကြိုးပမ်းရမည်၊ https://tinyurl.com/y5fx8k32 မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၈]

၁၃။ ဒေသဆိုင်ရာအညွှန်း GI နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်၌ လွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၏ အခန်း (၂)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) တွင် "GI ကိုအကာအကွယ်ပေးခြင်းဖြင့် နိုင်ငံတော်မှ ထွက်ရှိသောဒေသထုတ်ကုန်များ၏ အရည်အသွေး များကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းဖြင့် ဒေသတွင်း ရှိပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်" ရည်ရွယ်သည်ဟု ဖော်ပြထား သည်ကို တွေ့ရှိရပါသည်။[8]

**ဈေးကွက်၊ တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ခြင်းနှင့် ပြည်ပတင်ပို့ရောင်းချခြင်းဆိုင်ရာမူဝါဒ**

၁၄။ လယ်ယာစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့်အတူ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက် ၍ လယ်ယာထုတ်ကုန်များကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ် နိုင်ရန်အတွက် အောက်ပါ မူဝါဒ (၃) ရပ်ကို ချမှတ်ထားပါသည်-

(က) စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည် အသွေးစံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များ ညှိနှိုင်းရေးဆွဲခြင်း၊ ဈေးနှုန်းနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းတို့တွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်။

(ခ) စိုက်ပျိုးမွေးမြူသူများ ဝင်ငွေတိုးမြှင့်ရေး၊ ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများ လျော့ပါးစေရေးတို့အတွက် ကုန်ကြမ်းများတင်ပို့မှုမှ တန်ဖိုးမြှင့်ကုန်ချောပစ္စည်း များ ထုတ်လုပ်တင်ပို့သည့် လုပ်ငန်းများကိုအားပေးဆောင်ရွက်သွားမည်။

(ဂ) ကုန်သွယ်ဖက်နိုင်ငံ အစိုးရအချင်းချင်း သဘောတူညီမှုများ ရယူခြင်း၊ ပြည်တွင်းနှင့် ပြည်ပဈေးကွက်ဆိုင်ရာ သတင်းအချက်လက်များ ကောက်ယူစုဆောင်း ဖြန့်ဖြူး ပေးခြင်း၊ လိုအပ်သည့် ထောက်ခံချက်များအားခေတ်မီဆက်သွယ်ရေး နည်းပညာ များ အသုံးပြု၍ ထုတ်ပေးခြင်းတို့ကိုအားပေးဆောင်ရွက်သွားမည်။[9]

---

[8]မြန်မာ့လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက် ရရှိရေးအတွက် ဒေသဆိုင်ရာအညွှန်း၏အရေးပါမှု၊ https://tinyurl.com/y5c8udsl မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၉]

[9]စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဒုတိယကာလတိုငါးနှစ်လယ်ယာကဏ္ဍမူဝါဒနှင့်လုပ်ငန်းစဉ်များ၊https://www.moali.gov.mm/my/content/%E1%80%8C%E1%80%AC%E1%80%94%E1%80%A1%E1%80%80%E1%80%BC%E1%80%B1%E1%80%AC%E1%80%84%E1%80%BA%E1%80%B8 မှ ရရှိပါသည်။ [ ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ]

## စိုက်ပျိုးရေးကုန်ချောထုတ် စက်မှုလုပ်ငန်းများ၏အခြေခံလိုအပ်ချက်များ

၁၅။ လက်ရှိတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်သကဲ့သို့ စက်မှုကုန်ထုတ်နည်းပညာများဖြင့် နိုင်ငံစီးပွားရေး မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် အားပေးမြှင့်တင်လျက်ရှိပါသည်။ သို့သော် ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် တောင်သူများ၏အကျိုးစီးပွားနှင့်ဆန်စပါးကုန်သွယ်မှုကို တန်ဖိုးထားသောလုပ်ငန်းရှင်များ လိုအပ်ခြင်း၊ စက်မှုကုန်ကြမ်းရော်ဘာကို ကားတာယာများ၊ လေယာဉ်ဘီးများ၊ လူသုံးကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ရန် စက်ရုံများမတည်ဆောက်နိုင်ခြင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ ကုန်ကြမ်းကိုသာ အဓိကတင်ပို့နေရခြင်းကြောင့် ဈေးကွက်ရေရာမှုမရှိဘဲ ဝင်ငွေလျော့ကျနေရခြင်းဖြစ်ပါသည်။

၁၆။ စိုက်ပျိုးရေးကုန်ချောထုတ်စက်ရုံများ တည်ဆောက်နိုင်ရေးတွင် အရည်အသွေးမှန်ကန်သည့် ကုန်ကြမ်းများ လိုအပ်သောပမာဏရရှိရေးနှင့်ထိုက်တန်သောဈေးနှုန်းဖြင့် ဝယ်ယူနိုင်ရေးတို့အတွက် တိကျခိုင်မာသော စီမံကိန်း၊ စီမံချက်များနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များရှိရန် လိုအပ်ပါသည်။ ဥပမာအနေဖြင့် ကြံသီးနှံကို သကြားအဆင့်သာ ထုတ်လုပ်နေခြင်းမှ ဆေးဝါးသုံးပစ္စည်းများ၊ အစားအသောက်ကုန်ချောများနှင့် အဆင့်မြင့်စားသုံးပစ္စည်းများအဖြစ် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အဆင့်သို့ရောက်ရှိရန် လိုအပ်လျက်ရှိပါသည်။ [10]

## ပြည်ပဈေးကွက်မြှင့်တင်ပါက ရရှိလာနိုင်သောအကျိုးကျေးဇူးများ

၁၇။ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသောကုန်ကြမ်းများကို ပြည်ပဈေးကွက်ဝင် အရည်အသွေးမြှင့်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်ခြင်း၊ ပြည်ပဈေးကွက်ကို ယှဉ်ပြိုင်ရောင်းချနိုင်ခြင်း၊ ပို့ကုန်ဝင်ငွေတိုးလာစေခြင်း၊ ထို့အတူ တစ်ဖက်တွင်လည်း သွင်းကုန်အစားထိုးလုပ်ငန်းများ တိုးတက်လာသည့်အတွက် သွင်းကုန်ကို လျော့နည်းစေပြီး ကုန်သွယ်မှုလိုငွေကို လျော့ကျစေခြင်း၊ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းနေမှုကို ထိန်းချုပ်နိုင်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ ထို့ပြင် တိုင်းပြည်အတွက် ဝင်ငွေနှင့်အခွန်ရငွေများလည်း တိုးတက်ရရှိလာမည်ဖြစ်ပါသည်။ [11]

[10] ဝင်းလှိုင်ဦး၊ စိုက်ပျိုးရေးအခြေခံကုန်ချောထုတ်စက်မှုလုပ်ငန်းများထူထောင်၍နိုင်ငံတကာဈေးကွက်ထိုးဖောက်၊ https://www.moi.gov.mm/npe:zg/?q=news/29/07/2014/id-11562 မှ ရရှိပါသည်။ [ ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ]

[11] ပိုမိုကောင်းမွန်သည့်ဝင်ငွေရရှိရေးအတွက်တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရန်မျှော်လင့်နေသည့်တောင်သူများ၊ ၇-၁၀-၂၀၁၉၊ https://www.moi.gov.mm/?q=content/ ပိုမိုကောင်းမွန်သည့်-ဝင်ငွေရရှိရေးအတွက်-တန်ဖိုးမြှင့်ထုတ်ကုန်များ-ထုတ်လုပ်ရန် မှရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄]

## အစိုးရ၏ဆောင်ရွက်ချက်များ

၁၈။ လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပဈေးကွက်အခိုင်အမာ ရရှိရေးအတွက် ပြည်တွင်း ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသခြင်း၊ နှစ်နိုင်ငံအစိုးရချင်း၊ စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း တွေ့ဆုံဆွေးနွေးခြင်း၊ ပို့ကုန်မဟာဗျူဟာစီမံကိန်းအရ ဈေးကွက်အခိုင်အမာရရှိရေး အတွက် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း လယ်ယာထွက် ကုန်များ ထုတ်လုပ်မှုကုန်ကျစရိတ်လျော့နည်း၍ မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်းတိုး တက်ရေး၊ သွင်းအားစုမှန်ကန်စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ နှင့်ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

၁၉။ စိုက်ပျိုးထုတ်ကုန်များ ပြည်ပသို့တင်ပို့ရာတွင် ကုန်သွယ်သည့်နိုင်ငံများ၏ လိုအပ်ချက်အရ ပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုစစ်ဆေးခြင်း၊ အဆိပ်ဖြစ်သတ္တု ပါဝင်မှုစစ်ဆေး ခြင်း၊ မှိုအဆိပ်ပါဝင်မှု စစ်ဆေးခြင်းတို့အား ထွက်ကုန်အလိုက် သတ်မှတ်ချက်ထက် ကျော်လွန် မှုမရှိစေဘဲ ဓာတ်ခွဲစမ်းသပ်အဖြေထုတ် ထောက်ခံပေးခြင်းဖြင့် ခိုင်မာသောနိုင်ငံခြားဈေးကွက် ရရှိအောင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ပဲမျိုးစုံဈေးကွက်သစ်များ ရရှိရေးအတွက် မြန်မာ့ ပဲမျိုးစုံဈေးကွက် မြှင့်တင်ရေးဖိုရမ်ကို ၈-၁-၂၀၁၈ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့၌ ကျင်းပခြင်းဖြင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအတွင်း ရှန်ဟိုင်းမြို့၌ ကျင်းပသည့် နိုင်ငံတကာသွင်းကုန်ပြပွဲ (China International Imports Expo) တွင် မြန်မာ ပဲမျိုးစုံကုန်သည်များဝင်ရောက်ပြသခြင်းဖြင့်လည်းကောင်း စာချုပ်များချုပ်ဆိုပြီး ပြည်ပဈေးကွက်သို့ ရောင်းချနိုင်ခဲ့ပါသည်။ [12]

၂၀။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်ပို့ကုန်/သွင်းကုန်များ တင်သွင်း ခြင်း၊ တင်ပို့ခြင်း လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါသည်။ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ဖြေလျော့မှုများအဖြစ် ပဲမျိုးစုံနှင့် ပြောင်းစသည့် ကုန်စည်များကို လိုင်စင်မလိုဘဲ တင်ပို့ခွင့်ပြုထားပြီး ပို့ကုန်နှင့်သွင်းကုန်များကို နိုင်ငံတကာ ဈေးကွက်များနှင့် ချိတ်ဆက်နိုင်ရန် ကုန်သွယ်မှုကွန်ရက် (Trade Net 2.0) ကို ထူထောင်ထားရှိ

[12] စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ https://www.pyithuhluttaw.gov.mm/question-3468 မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇]

ပါသည်။ ထို့ပြင် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၁၅-၂၀၁၉)ကို ချမှတ်၍ ပို့ကုန်မြှင့်တင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ အမျိုးသားပို့ကုန်မဟာဗျူဟာကို လာမည့်ငါးနှစ်အတွက် ဆက်လက်ချမှတ်ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိဦးစားပေးကဏ္ဍ ၁၁ ခုအပြင် ကဏ္ဍငါးခုကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဟု ဝန်ကြီးဌာနမှ ဖော်ပြထားပါသည်။ [13]

## မြန်မာနိုင်ငံနှင့်လယ်ယာထွက်ကုန် အိန္ဒိယဈေးကွက်

၂၁။ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံတင်ပို့မှုမှာ နှစ် ၃၀ ကျော် ရှိခဲ့ပြီဖြစ်ပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း တင်သွင်းမှု ကန့်သတ်ချက်ကို ၂၀၁၇-၁၈ ခုနှစ်အတွင်း ကန့်သတ်လိုက်ခြင်းကြောင့် မြန်မာနိုင်ငံ၏ပဲတင်ပို့မှုအပေါ် အကျိုးသက်ရောက်မှုများရှိခဲ့ပါသည်။ အိန္ဒိယနိုင်ငံမှ ထုတ်ပြန်ခဲ့သည့် ပဲတင်သွင်းမှုကန့်သတ်ချက်သည် ၃၁-၃-၂၀၁၈ ရက်နေ့အထိသာ သက်ရောက်မှုရှိခြင်းကြောင့် ပြန်လည်တင်ပို့နိုင်ရန် ပဲမျိုးစုံတင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအထူးလုပ်ငန်းအဖွဲ့ကို (UMFCCI) မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့်အတူ နယူးဒေလီမြို့သို့ ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း စေလွှတ်ခဲ့ပြီး ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ အစားအသောက်ဖြန့်ဖြူးရေးနှင့် စားသုံးသူရေးရာဝန်ကြီးဌာနတို့နှင့်တွေ့ဆုံ၍ ပဲမျိုးစုံတင်ပို့နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ ထို့ပြင် ၂၂-၃-၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံစဉ်တွင် မြန်မာနိုင်ငံမှ ပဲများတင်ပို့ရေးဆွေးနွေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၊ မေလတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံသို့ ထပ်မံစေလွှတ်ပြီး အိန္ဒိယနိုင်ငံသို့ မြန်မာပဲများတင်ပို့နိုင်ရေး ဆွေးနွေးခဲ့ပါသည်။ ယင်းဆွေးနွေးမှုအပြီးတွင် အိန္ဒိယနိုင်ငံအနေဖြင့် ပြည်ပမှပဲတင်သွင်းမှု ကန့်သတ်ချက်များကို ပြန်လည်ခွင့်ပြုခဲ့ပါသည်။

၂၂။ ယခုအခြေအနေတွင် အိန္ဒိယနိုင်ငံဘက်က မတ်ပဲနှင့်ပဲစင်းငုံများ အဝယ်လိုက်လာခြင်းကြောင့် ဈေးကွက်အခြေအနေပြန်လည်ကောင်းမွန်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံနှင့်ပိုမိုခိုင်မာသော

[13] စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ https://pyithu.hluttaw.mm/question-3985 မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇]

ဈေးကွက်ရရှိနိုင်ရန် အာမခံဈေးနှင့် နှစ်နိုင်ငံအစိုးရချင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး ရောင်းချနိုင်အောင်လည်း စီစဉ်လျက်ရှိပါသည်။ [14]

**ထိုင်းနိုင်ငံ၏ဆန်စပါးဈေးကွက်အား အာမခံဈေးသတ်မှတ်ခြင်း**

၂၃။ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr.Jurin Kaksanawisit က လယ်သမားများ၏ သီးနှံဈေးနှုန်းနိမ့်ကျနေမှုအပေါ် ကူညီရန်အတွက် ဆန်စပါးအမျိုးအစား ၅ မျိုး ၏ဈေးနှုန်းအာမခံချက်ရရှိရန် လယ်သမားများ၏ကိုယ်စားလှယ်များ၊ ဆန်စပါးကုန်သည်အသင်း များ၊ အစိုးရအရာရှိများနှင့် ညှိနှိုင်းဆွေးနွေး၍ အဆိုပြုခဲ့ခြင်းဖြစ်ပါသည်။ ဆန်စပါးအာမခံဈေးနှုန်း အစီအစဉ်မှာ သက်တမ်းတိုစပါး သို့မဟုတ် စိုက်ပျိုးချိန်ရက်ပေါင်း ၁၀၀ ထက်နည်းသော ဆန်စပါးများအတွက် မပါဝင်ကြောင်း သိရှိရပါသည်။

၂၄။ အဆိုပါ အာမခံဈေးနှုန်းကြေညာချက်ကြောင့် ၃.၉ သန်းပမာဏရှိသော လယ်သမားများ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။ ဆန်စပါးအာမခံဈေးနှုန်းမူဝါဒကို ၂၀၁၁-၂၀၁၃ ခုနှစ်အတွင်း သီးနှံဈေးနှုန်းအာမခံစနစ်နှင့် အာမခံမှုတို့ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။ ဆန်စပါး ဈေးနှုန်းအာမခံအစီအစဉ်တွင် ဈေးကွက်ထဲရှိဈေးနှုန်းသည် သတ်မှတ်ထားသော ဈေးနှုန်းအောက် ရောက်ရှိခဲ့ပါက အလျော်အစားပေးမည့် အစီအစဉ်များပါဝင်ပါသည်။

၂၅။ အဆိုပါစပါးအာမခံဈေးနှုန်းကို အမျိုးသားဆန်စပါး မူဝါဒကော်မတီမှ အတည်ပြုပေးပြီး အခြားသောထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချရေးနှင့် အပိုကုန်ကျစရိတ်များလျှော့ချရေး အစီ အမံများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါစပါးဈေးနှုန်း အာမခံအစီအစဉ်ကို လယ်သမားတစ်ဦးမှ "စပါးတစ်တန်လျှင် ဘတ်ငွေ ၆၅၀၀ မှ ၇၀၀၀ အထိသာ ရရှိခဲ့ကြောင်း၊ အကယ်၍ အစိုးရအနေဖြင့် စပါးတစ်တန်လျှင် အာမခံဈေးနှုန်း ဘတ် ၁၀၀၀၀ သတ်မှတ်မည် ဆိုပါက လယ်သမားများအနေဖြင့် ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ [15]

[14] စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ https://www.pyithuhluttaw.gov.mm/question-3468 မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇]

[15] လွင်မျိုးဇော်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဗန်ကောက်မြို့။ထိုင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ဆန်စပါးအာမခံဈေးနှုန်းအား အဆိုပြု တင်ပြ၊ https://tinyurl.com/yywysybb မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၈]

## အမြင်များနှင့်အကြံပြုပြောကြားချက်များ

၂၆။ မြန်မာနိုင်ငံ ဆန်စပါးအသင်းဥက္ကဋ္ဌ ဦးရဲမင်းအောင်က "ကျွန်တော်တို့ပို့ကုန်တိုးမြှင့်ရေး လုပ်တော့မယ်ဆိုရင် အဓိကလုပ်ရမယ့်သော့ချက်က သီးနှံများရဲ့ အရည်အသွေးထိန်းသိမ်းရေး (Quality Control) နဲ့ အစားအစာဘေးကင်းလုံခြုံရေး (Food Safety) ပဲဖြစ်ပါတယ်။ နိုင်ငံတကာ ဘယ်နိုင်ငံကိုပဲပစ္စည်းပို့ပို့ ဒီနှစ်ချက်မပါရင် ဘယ်လောက်အရှိန်အဟုန်နဲ့ပို့ချင်ပို့ချင် အဟန့်အတား ဖြစ်နေမှာ အမှန်ပါပဲ။ ဒါ့ကြောင့် မိမိဘက်က ထုတ်ကုန်တွေ အရည်အသွေးကောင်းကောင်း ဓာတ်ကြွင်းအာနိသင်ကင်းပြီး ရိက္ခာဘေးကင်းလုံခြုံမှုရှိအောင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းများ (GAP) နဲ့ တိတိကျကျ စိုက်ပျိုးထုတ်လုပ်ကြဖို့ လိုမယ်လို့" ပြောကြားပါသည်။

၂၇။ ၎င်းမှဆက်လက်၍ မြန်မာနိုင်ငံမှ တင်ပို့ရောင်းချသည့် လယ်ယာသီးနှံများ၏အရည်အသွေး ကို ဝယ်ယူမည့်နိုင်ငံ၏သတ်မှတ်ချက်များအတိုင်း စစ်ဆေးအတည်ပြုချက်ထုတ်ပေးရသော ဓာတ်ခွဲခန်း များနှင့် ဓာတ်ခွဲခန်းအသစ်များလိုအပ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်စပါးနှင့်ပဲမျိုးစုံ တင်ပို့ ရောင်းချနိုင်ရေးတွင် ထိုင်းနိုင်ငံရှိ ဓာတ်ခွဲခန်းများနှင့် ဆက်သွယ်ပေးပို့ ဆောင်ရွက်နေရခြင်း ကြောင့် အချိန်ကြန့်ကြာခြင်းနှင့် ကုန်ကျစရိတ်များခြင်းတို့ဖြင့် ရင်ဆိုင်နေရပါသည်။ ထို့ကြောင့် SGS,OMIC စသည့် နိုင်ငံတကာဓာတ်ခွဲခန်းများကို ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရန် အတွက် အထူးအားပေးကူညီဆောင်ရွက်ရန်နှင့် နိုင်ငံတော်အစိုးရ လက်အောက်ရှိ လယ်ယာသီးနှံ ဆိုင်ရာ ဓာတ်ခွဲခန်းများကိုလည်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင် ပုဂ္ဂလိကနှင့်အစိုးရ ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP) ဖြင့် အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ပြင် လယ်ယာ ထွက်ကုန် ပြည်ပတင်ပို့မှုလုပ်ငန်းများတွင် အလွန်အရေးကြီးသည့် စံချိန်စံညွှန်းကိစ္စများ၊ အရည် အသွေးကိစ္စများနှင့် ဓာတ်ခွဲခန်းကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အထူးဦးစားပေး ကူညီဆောင်ရွက်ကြရန် ပြောကြားထားပါသည်။

၂၈။ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက "လယ်ယာသီးနှံပို့ကုန်တွေ တိုးမြှင့်တင်ပို့နိုင်ဖို့ ဆိုရင်တော့ လက်ရှိမှာ ပို့ကုန်ပို့ဖို့ဆိုပြီး သီးနှံအမယ်လိုက်လျာထားစိုက်ပျိုး ထုတ်လုပ်တာမရှိဘဲ ထွက်လာတဲ့သီးနှံတွေကို ဈေးကွက်ရှိရင် ပို့နေတဲ့သဘောပါပဲ။ အမှန်တကယ် ပြည်ပပို့ကုန်

တိုးမြှင့်ဖို့ဆိုရင် သီးနှံများကို ဟိုနားနည်းနည်း၊ ဒီနားနည်းနည်း စိုက်ပျိုးထုတ်လုပ်မယ့်အစား သီးနှံအမယ်လိုက် ဘယ်သီးနှံ ဘယ်နှတန်ပို့မယ်၊ ဘယ်နှဧကစိုက်ပျိုး ထုတ်လုပ်မယ်ဆိုတာကို သေချာ Plan လုပ်ပြီး သီးနှံအမယ်လိုက် ဇုန်အလိုက် စိုက်ပျိုးဖို့လုပ်ရမှာပဲ၊ ဒီလိုစိုက်ပျိုး ထုတ်လုပ်နိုင်ဖို့အတွက် သက်ဆိုင်ရာပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရယ်၊ ပြည်နယ်နဲ့တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတွေရယ်နှင့်ညှိနှိုင်းပေါင်းစပ်ပြီး Exporter ကြီးများ၊ ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့နှင့်တောင်သူလယ်သမားကြီးများ ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်နိုင်အောင် Plan ရေးဆွဲဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားထားပါသည်။ [16]

၂၉။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က "လယ်ယာထွက်ကုန်များ ဈေးကွက်ရရှိရေးတွင် အရည်အသွေးပြည့်မီရန် အရေးကြီးသလို အရည်အသွေးစစ်ဆေးရေးအဖွဲ့များ၏မှန်ကန်တိကျမှုသည်လည်း အလွန်အရေးကြီးကြောင်း" ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာ ဈေးကွက်များ၌ ခိုင်မာသောဈေးကွက် တည်ဆောက်နိုင်ရေးနှင့် အရည်အသွေးပြည့်မီသည့်ဆန်များတင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။ [17]

၃၀။ မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်၊ ပန်းမန်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံတွင် "ဘာသီးနှံပဲ ပြည်ပတင်ပို့တင်ပို့၊ ဝယ်လက်နိုင်ငံရဲ့ သတင်းအချက်အလက်၊ ဈေးကွက်အခြေအနေ၊ သတင်းရရှိမှုနှောင့်နှေးတဲ့အတွက် သီးနှံတွေဟာအမြဲနောက်ကောက်ကျပြီး ဒုက္ခရောက်ကြရတယ်လို့" ပြောကြားထားပါသည်။ ထို့ပြင် "မြန်မာနိုင်ငံသည် လယ်ယာထွက်ကုန်များကို ပြည်ပသို့တိုးချဲ့တင်ပို့နိုင်သည့်အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ သတင်းအချက်အလက်စင်တာ ၂ ခုကို မြန်မာပြည်အောက်ပိုင်းဒေသများအတွက် စင်တာ ၁ ခုနှင့် မြန်မာပြည်အထက်ပိုင်းဒေသများအတွက် စင်တာ ၁ ခုကို ခေတ်မီနည်းပညာများ တပ်ဆင်၍ အမြန်ဆုံးထူထောင်ရန်၊ ထို့အတူပင်

---

[16] စိန်သံ၊ မြန်မာ့ထွက်ကုန်များ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေး ကဏ္ဍစုံမှ ကြိုးပမ်းရမည်၊ https://tinyurl.com/y5fx8k32 မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၈]

[17] အရည်အသွေးစစ်ဆေးရေးအဖွဲ့၏မှန်ကန်တိကျမှု လယ်ယာထွက်ကုန်ဈေးကွက်အတွက် အလွန်အရေးကြီးဟု ပြည်ထောင်စုဝန်ကြီးပြောဆို၊ ၂၅ ဧပြီ ၂၀၁၉၊ မြန်မာတိုင်းမ်နေ့စဉ်သတင်းစာ၊ https://myanmar.mmtimes.com/news/122463.html မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်]

မြန်မာ့လယ်ယာထွက်ကုန်များဝယ်ယူကြသော အဓိကနိုင်ငံကြီးများ (ဥပမာ-အိန္ဒိယ၊ အာဖရိက၊ အီးယူနိုင်ငံများ) တွင်လည်း မြန်မာနိုင်ငံပိုင်ဆိုင်သည့်လယ်ယာထွက်ကုန်များနှင့်ပတ်သက်သော သတင်းအချက်အလက်စင်တာကြီးများ တည်ထောင်ရန်လိုအပ်ပါသည်။ သို့မှသာ နိုင်ငံတကာ ဝယ်လက်နိုင်ငံများနှင့် ဈေးကွက်သတင်းအချက်အလက်များ အချိန်မီ (Up-to-date) ရရှိနေမည် ဖြစ်ပါသည်။

၃၁။ အဆိုပါသတင်းအချက်အလက်စင်တာများမှတစ်ဆင့် ပြည်တွင်းရှိ သတင်းအချက်အလက် စင်တာများနှင့်ချိတ်ဆက်ပြီး ဈေးကွက်အခြေအနေ ဈေးကွက်စူးစမ်းလေ့လာသုံးသပ်မှုအခြေအနေ၊ ရာသီဥတုကြိုတင်ခန့်မှန်းမှုအခြေအနေ၊ သီးနှံများစိုက်ပျိုးထုတ်လုပ်ထွက်ရှိနိုင်မှုအခြေအနေ၊ ဝယ်လို အားဖြစ်ပေါ်လာနိုင်မှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်ပါသည်။ နောက်တစ် ချက်မှာ သီးနှံများ၏ဈေးကွက်ကို ထိန်းနိုင်ရန်နှင့်အရည်အသွေးမပျက်စီးအောင်ထိန်းနိုင်ရန်အတွက် ခေတ်မီစနစ်ကျသော သိုလှောင်ရုံကြီးများ တည်ထောင်ပေးခြင်းပင်ဖြစ်ပါသည်။ မြန်မာပြည် အထက်ပိုင်းဒေသများအတွက် မန္တလေးနှင့်မူဆယ်(၁၀၅ မိုင်) တွင်လည်းကောင်း၊ မြန်မာပြည်အောက် ပိုင်းဒေသများအတွက် ရန်ကုန်နှင့်ဧရာဝတီတိုင်းဒေသကြီးများတွင်လည်းကောင်း တည်ဆောက် သင့်ပါသည်။ သို့မှသာလျှင် ရိတ်သိမ်းချိန်လွန်နည်းပညာကို ကျင့်သုံး၍ သီးနှံများပျက်စီးသည့် ဒုက္ခမှကင်းဝေးနိုင်မည်ဖြစ်ပါသည်” ဟု ပြောကြားထားပါသည်။ [18]

## နိဂုံး

၃၂။ အရည်အသွေးပြည့်ဝသည့် ဈေးကွက်ဝင်လယ်ယာထွက်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လုပ်ငန်းအစီအမံများကို အဆင့်လိုက် မြှင့်တင်ဆောင်ရွက် သွားနိုင်မှသာ ထိရောက်အောင်မြင်နိုင်မည်ဖြစ်ပြီး လက်ရှိဒေသတွင်းနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ အနေအထားကို ယှဉ်တွဲလေ့လာကြည့်ပါက ကွာဟချက်များရှိနေဆဲဖြစ်ပါသည်။ ထို့ကြောင့် ပြည်တွင်းပြည်ပ ဈေးကွက်များရှာဖွေပြီး ဈေးကွက်ခိုင်မာမှုရှိသောသီးနှံစာရင်းကို တောင်သူများ သိရှိရန်နှင့်ကြိုတင်ပြီးပွင့်လင်းမြင်သာစွာ ချပြရမည်ဖြစ်ပါသည်။ သို့မှသာ စိုက်ပျိုးမည့် တောင်သူ များအတွက် အရည်အသွေးပြည့်ဝသောဈေးကွက်ဝင်သီးနှံထွက်ကုန်များကို စနစ်တကျ စိုက်ပျိုး

[18] အောင်ဆန်း (စိုက်ပျိုးရေး)၊ လယ်ယာထွက်ကုန်များ တိုးချဲ့တင်ပို့နိုင်ရန် အစီအမံများချမှတ်ရန်လိုပြီ၊ မြန်မာတောင်သူကြီးများဂျာနယ်၊ အတွဲ (၂၅) အမှတ် (၃၆၂)၊ ဇူလိုင် ၂၂-၂၈၊ ၂၀၁၉ ခုနှစ်၊ https://tinyurl.com/y63z4h32/ မှ ရရှိပါသည်။ [ကြည့်ရှုရရှိသည့်ရက်စွဲ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၄]

ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် တောင်သူများအတွက် လိုအပ်ချက်ဖြစ်နေသည့် လယ်ယာထွက်ကုန်သီးနှံများ သင့်တင့်မျှတသောဈေးနှုန်းဖြင့် ပြည်တွင်းပြည်ပဈေးကွက် ခိုင်မာမှုရရှိရေးအတွက် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်မေဇင်အောင်(ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅